# ၁၉၅၂ ခုနှစ်၊ ချင်းရေးရာကောင်စီ အမတ်များ၏ စရိတ်ကြေးငွေအက်ဥပဒေ

[၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆] (၁၉၅၂ ခု၊ မတ်လ ၃ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ဤအက်ဥပဒေသည် ၁၉၅၂ ခု၊ မတ်လ ၃ ရက်နေ့တွင် စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ၊

(၁) "**ညီလာခံ**" ဆိုသည်မှာ၊ သီးခြား ဖော်ပြခြင်း မရှိလျှင် ချင်းရေးရာကောင်စီ၏ ညီလာခံကို ဆိုလိုသည်။

(၂) "**အစည်းအဝေး**" ဆိုသည်မှာ၊ သီးခြား ဖော်ပြခြင်း မရှိလျှင် ချင်းရေးရာကောင်စီ ဆိုင်ရာကော်မီတီ၏၊ သို့တည်းမဟုတ် ဆပ်ကော်မီတီ၏ အစည်းအဝေးကို ဆိုလိုသည်။

(၃) "**အမတ်**" ဆိုသည်မှာ၊ သီးခြား ဖော်ပြခြင်း မရှိလျှင် ချင်းရေးရာကောင်စီ၏ အမတ်ကို ဆိုလိုသည်။ သို့သော် "အမတ်" ဆိုသည့် စကားရပ်တွင်၊ ဝန်ကြီးသော်၎င်း၊ ပါလီမန်အတွင်းဝန်သော်၎င်း၊ ချင်းရေးရာကောင်စီ သဘာပတိသော်၎င်း၊ [ညီလာခံ ကျင်းပရာဒေသတွင် နေထိုင်သည့် ချင်းရေးရာ ကောင်စီ ဒုတိယ သဘာပတိ သော်၎င်း] [၁] မပါချေ။

၃။ ၁၉၅၂ ခုနှစ်၊ ပါလီမန်အမတ်များ(လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၅) အရသော်၎င်း၊ ထိုဥပဒေအရ ပြုလုပ်ထားသည့် နည်းဥပဒေများအရသော်၎င်း၊ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ ညီလာခံသို့၊ သို့တည်းမဟုတ် အစည်းအဝေးသို့ တက်ရောက်သော ပါလီမန်အမတ်တဦးအတွက် ပြဋ္ဌာန်းထားသည့် နှုန်းအတိုင်း၊ ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များနှင့်၊ သို့တည်းမဟုတ် စည်းကမ်းချက်များနှင့်အညီ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးတက်ရောက်သော အမတ်တဦးအား နေ့တွက်စရိတ်များနှင့် ခရီးသွားလာရသည့် အတွက် ခရီးစရိတ်များကို ပေးရမည်။

**ခြင်းချက်။** သို့ရာတွင်၊ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ အမတ်တဦးအဖြစ်ဖြင့် နေ့တွက်စရိတ်ကို ထုတ်ယူခွင့်ရှိသော နေ့အတွက်၊ သို့တည်းမဟုတ် ခရီးစရိတ် ထုတ်ယူခွင့်ရှိသော ခရီးအတွက် နေ့တွက်စရိတ်ကို ဖြစ်စေ၊ ခရီးစရိတ်ကိုဖြစ်စေ ဤအက်ဥပဒေအရ မထုတ်ယူရ။

---

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၇ အရ ထည့်သွင်းသည်။

**ခြွင်းချက်။** ထို့ပြင် ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးနှင့် ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်၏ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေး စပ်ကြားရှိ အချိန်ကာလာသည် တိုလွန်းလှသဖြင့်၊ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပရာဌာနသို့ အသွားနှင့် အစည်းအဝေးကျင်းပရာဌာနမှ အပြန်ခရီးများအတွက် တောင်းဆိုနိုင်သည့် ခရီးစရိတ်သည်၊ ထိုစပ်ကြားရှိ အချိန်ကာလအတွက် ရယူပိုင်ခွင့်ရှိသော ရပ်နားစရိတ်၊ သို့တည်းမဟုတ် နေ့တွက်စရိတ်ထက်ပိုလျှင်၊ ၁၉၅၂ ခုနှစ်၊ ပါလီမန်အမတ်များ(လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ ထိုရပ်နား စရိတ်၊ သို့တည်းမဟုတ် နေ့တွက်စရိတ်ကိုသာ ထုတ်ယူရမည်။

၄။ ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များအရ ရယူခွင့်ရှိသော စရိတ်ကြေးငွေများကို ထိုသို့ ရယူခွင့်ရှိသော နေ့ရက်မှစ၍ ခြောက်လအတွင်း တောင်းဆိုရမည်။ ခြောက်လကျော်လျှင် စရိတ်ကြေးငွေ တောင်းဆိုခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်မပြုရ။

၅။ နိုင်ငံတော်သမတသည် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် နည်းဥပဒေများပြု နိုင်သည်။

၆။ ၁၉၄၉ ခုနှစ်၊ ချင်းရေးရာယာယီ ကောင်စီ (စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၄) နှင့် ထိုအက်ဥပဒေကိုပြင်သည့် ပြင်ဆင်ချက်အက်ဥပဒေများကို ရုပ်သိမ်း လိုက်သည်။

==========================================